Message Two

# ခရစ်တော်သည် လွတ်မြောက်စေသောအရှင်နှင့် ကျွန်ုပ်တို့ကို သာ၍ အောင်နိုင်သောသူများဖြစ်စေသောအရှင် ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ရော၊၈း၂၊ ၃၁-၃၉

## I. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်၏ဝိညာဉ်တော်တရားအားဖြင့် ကျွန်ုပ်တို့၏ လွတ်မြောက်စေသောအရှင်အဖြစ် တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားခြင်း ရှိနိုင်ပါသည် - ရော၊၈း၂။

A. ရောမ ၈ ရှိ အသက်၏ဝိညာဉ်တော်တရားကို မွေ့လျော်ဝမ်းမြောက်ခြင်းက ကျွန်ုပ်တို့ကို ရောမ ၁၂ ရှိ ခရစ်တော်၏ကိုယ်ခန္ဓာတော် စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ပေးသည်။ ဤတရားသည် ကျွန်ုပ်တို့ ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အတွက် အသက်ရှင်ကြသည့်အခါ ကျွန်ုပ်တို့အတွင်း၌ ပြုပြင်လုပ်ဆောင်နေသည် - ၈း၂၊ ၂၈-၂၉။ ၁၂း၁-၂၊ ၁၁။ ဖိ၊၁း၁၉။

B. အသက်တိုင်း၌ တရားရှိပြီး၊ တရားပင်ဖြစ်ပေသည်။ ဘုရားသခင်၏အသက်သည် အမြင့်ဆုံးသောအသက် ဖြစ်ပြီး၊ ဤအသက်၏တရားသည် အမြင့်ဆုံးသောတရားဖြစ်သည်-ညွှန်း၊ယော၊၁း၄-၅။ ၁၂း၂၄။ ၁၄း၆က။ ၁၀း၁၀ခ။ ၁ကော၊၁၅း၄၅ခ။

C. သုံးပါးတစ်ပါးဘုရားသည် လူ့ဇာတိခံခြင်း၊ ကားတိုင်မှာအသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ကို အဆင့်ဆင့် ဖြတ်ကျော်ကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ "သိပ္ပံဆိုင်ရာ"တရား၊ အလိုအလျောက်ဖြစ်သော တရားအဖြစ် တပ်ဆင်ထားသည့် အသက်၏ဝိညာဉ်တော်တရား ဖြစ်လာခဲ့ပြီဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏စီမံကိန်း၌ အကြီးမားဆုံးသော ရှာဖွေတွေ့ရှိမှုများ၊ ပြန်လည်ရယူခြင်းများမှ တစ်ခုဖြစ်သည် - ရော၊၈း၂-၃၊ ၁၁၊ ၃၄၊ ၁၆။

D. အသက်၏ဝိညာဉ်တော်တရားသည် ဘုရားဆိုင်ရာအသက်၏ အလိုအလျောက်ဖြစ်သော တန်ခိုးတော်ဖြစ်သည်။ ၎င်းသည် ဘုရားဆိုင်ရာအသက်၏ ပင်ကိုသဘာဝ ဝိသေသလက္ခဏာနှင့် ပင်ကိုဖြစ်သော၊ အလိုအလျောက်ဖြစ်သော လုပ်ဆောင်ချက်ဖြစ်သည် - အငယ်၊၂။ ဖိ၊၂း၁၃။ ယေဇ၊၃၆း၂၆-၂၇။ သု၊၃၀း၁၈-၁၉။ ဟေရှာ၊၄၀း၂၈-၃၁။ ဟေဗြဲ၊၁၂း၂က။ ဖိ၊၄း၁၃။ ကော၊၁း၂၈-၂၉။

E. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ ထိတွေ့နေခြင်း၌ ကျန်ရှိနေခြင်း၊ သခင်ဘုရားနှင့် ဆက်သွယ်ခြင်း၌ တည်နေခြင်း ရှိနေစဉ် အသက်၏ဝိညာဉ်တော်တရားသည် အလိုအလျောက်ဖြင့်၊ အလိုလိုဖြင့်၊ အားထုတ်စရာမလိုဘဲ လုပ်ဆောင်သည်။

1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ ကြိုးစားရုန်းကန်ခြင်းနှင့် အားထုတ်ခြင်းခြင်းမှ ရပ်တန့်ရန် လိုအပ်သည် - ဂလ၊၂း၂၀က။ ရော၊၇း၁၅-၂၀။

   a. ကျွန်ုပ်တို့က အပြစ်သည် တရားဖြစ်ပြီး၊ ကျွန်ုပ်တို့၏အလိုဆန္ဒက ဤတရားကို မည်သည့်အခါမျှ မအောင်မြင်နိုင်ကြောင်း တွေ့မြင်ခြင်းမရှိလျှင်၊ ကျွန်ုပ်တို့သည် ရောမ ၇ တွင် ပိတ်လှောင်မိနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ရောမ ၈ သို့ ဘယ်သောအခါမျှ ရောက်ရှိမည်မဟုတ်ပါ။

   b. ပေါလုသည် ထပ်ခါ ထပ်ခါ အလိုဆန္ဒရှိခဲ့သည်၊ သို့သော် ရလဒ်မှာ ထပ်တလဲလဲ ရှုံးနိမ့်ခြင်းသာ ဖြစ်သည်။ လူက အစွမ်းကုန်လုပ်နိုင်သည့်အရာမှာ စိတ်ပိုင်းဖြတ်ခြင်းမျှသာ ဖြစ်သည် - ၇း၁၈။

   c. အပြစ်သည် ကျွန်ုပ်တို့အတွင်း၌ ငုပ်နေလျက်ရှိသောအခါ၊ ၎င်းသည် အပြစ်မျှသာ ဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့က ကောင်းသောအရာ လုပ်ရန် အလိုဆန္ဒရှိခြင်းအားဖြင့် ကျွန်ုပ်တို့၌ နိုးထလာသောအခါ ၎င်းသည် "ဆိုးညစ်မှု"ဖြစ်လာသည် - "ထိုသို့ ကောင်းသော အကျင့်ကို ငါကျင့်ချင်သောအခါ၊ မကောင်းသောအကျင့်ကို ကျင့်စေတတ်သော တရားသည် ငါနှင့်အတူ ရှိနေသည်ကို ငါတွေ့၏" - အငယ်၊၂၁။

   d. အလိုဆန္ဒရှိရမည့်အစား ကျွန်ုပ်တို့သည် အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိ၍ ဝိညာဉ်အတိုင်း လျှောက်လှမ်းသင့်ပါသည် - ၈း၆၊ ၄။ ဖိ၊၂း၁၃။

2. ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအားဖြင့်လည်းကောင်း၊ မှီခိုသောဝိညာဉ်ရှိခြင်းဖြင့်လည်းကောင်း ကိန်းဝပ်နေသော၊ တပ်ဆင်ထားသော၊ အလိုအလျောက်ဖြစ်သော၊ အတွင်းပိုင်း ပြုပြင်လုပ်ဆောင်သော ဘုရားသခင်နှင့်အတူ ပူးပေါင်း

လုပ်ဆောင်ရန် လိုအပ်သည်၊ ထိုသို့ဖြင့် အသက်၏သခင်ဘုရားနှင့် အလုပ်၏ သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့၏ မိတ်သဟာယဖွဲ့ခြင်းကို စောင့်ထိန်းထားနိုင်မည်ဖြစ်သည် - ၁သက်၊၅း၁၇။ ဧ၊၆း၁၇-၁၈။

3. ကျွန်ုပ်တို့သည် အသက်၏မိတ်သဟာယ၌၊ ဘုရားအသက်၏ စီးဆင်းခြင်း၌ ကျန်ရှိနေရန် အသက်၏အာရုံခံစားမှုကိုလည်းကောင်း၊ အသက်၏ဝိညာဉ်တော်တရား၏ ပြုပြင်လုပ်ဆောင်ခြင်းကိုလည်းကောင်း ဂရုစိုက်ရန် လိုအပ်သည် - ရော၊၈း၆၊ ၁၆။ ၁ယော၊၁း၂-၃၊ ၆-၇။

F. ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့အသက်ရှင်ခြင်းနှင့် အစေခံခြင်းအဖို့၌ အဓိကသော့ချက်မှာ ကျွန်ုပ်တို့အတွင်း၌ ပြုပြင်လုပ်ဆောင်နေသည့် အသက်၏ဝိညာဉ်တော်တရား ဖြစ်သည်။

1. အသက်၏ဝိညာဉ်တော်တရားသည် ကျွန်ုပ်တို့ကို ကိုးကွယ်ခံဘုရားအရာ၌မဟုတ်ဘဲ၊ အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်း၌ ဘုရားဖြစ်စေကာ၊ ဘုရားသခင့်သားဦး၏ ပုံသဏ္ဌာန်တော်အထဲသို့ ပုံသွင်းပေးနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်း ဖြစ်လာနိုင်မည်ဖြစ်သည် - ရော၊၈း၂၊ ၂၉။

2. အသက်၏ဝိညာဉ်တော်တရားသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်သော ကျွန်ုပ်တို့ကို လုပ်ဆောင်ချက်မျိုးစုံဖြင့် စေ့စပ်ထုံးဖွဲ့ပေးသည် - ဧ၊၄း၁၁-၁၂၊ ၁၆။

G. ကျွန်ုပ်တို့သည် အသက်၏ဝိညာဉ်တော်တရားအဖြစ် သုံးပါးတစ်ပါးဘုရား၏ အတွင်းပိုင်းလုပ်ဆောင်ချက်ကို အောက်ဖော်ပြပါ နည်းလမ်းများ၌ ဤတရားကို "ခလုတ်ဖွင့်ခြင်း"အားဖြင့် အတူပူးပေါင်းနိုင်ပေသည်။

1. ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း လျှောက်လှမ်းရန် - ဝိညာဉ်၌အသက်ရှင်ရန် လိုအပ်သည် - ရော၊၈း၄။ ဂလာ၊၅း၂၅။

a. ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၏လျှို့ဝှက်ချက်မှာ အရာခပ်သိမ်းကို လုပ်ရန် ခွန်အားတန်ခိုးပေးသောအရှင်၌ ရှိခြင်းဖြစ်ကာ၊ ကိုယ်တော်၌ရှိခြင်း၏ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိခြင်း ဖြစ်သည် - ဖိ၊၄း၁၂-၁၃၊ ၂၃။

b. ခရစ်တော်၌ အသက်ရှင်ခြင်း၏ လက်တွေ့ကျခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်ခြင်းပင် ဖြစ်သည်။ ရောမစာစောင်၌ တမန်တော်ပေါလုက ကျွန်ုပ်တို့ဖြစ်ခြင်းရှိသမျှ (၂း၂၉၊ ၈း၅-၆၊ ၉)၊ ကျွန်ုပ်တို့၌ရှိသမျှ (အငယ်၊၁၀၊ ၁၆)၊ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ လုပ်သမျှ (၁း၉၊ ၇း၆၊ ၈း၄၊ ၁၂၊ ၁၂း၁၁) တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ဖြစ်ရမည့်အကြောင်း အလေးပေးဖော်ပြထားသည်။

(1) ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရားကို ကြည့်ရှုဖို့ အချိန်ယူရန်၊ ယေရှုနှင့် မိတ်သဟာယဖွဲ့ဖို့ ဆုတောင်းရန်၊ ကိုယ်တော်၏မျက်မှောက်တော်၌ ရေချိုးရန်၊ ကိုယ်တော်၏လှပခြင်းဖြင့် ပျော်ဝင်ပြည့်ဝရန်၊ ကိုယ်တော်၏သာလွန်ထူးကဲခြင်းကို ရောင်ခြည်ဖြာထွက်စေရန် လိုအပ်သည် - ၂ကော၊၃း၁၆၊၁၈။ ဆာ၊၂၇း၄။ ညွှန်း၊ မ၊၆း၆။ ၁၄း၂၃။ ထွ၊၃၃း၁၁က။ ၃၄း၄ မှတ်စု ၂။

(2) ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် မရပ်မနားဘဲ ဆုတောင်းရန် လိုအပ်သည် - ၁သက်၊၅း၁၇။ ညွှန်း၊ ယော၊၂၀း၂၂။ မြည်၊၃း၅၅-၅၆။ ရော၊၁၀း၁၂-၁၃။

(3) ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအလင်း၌ လျှောက်လှမ်းရန် ဘုရားဆိုင်ရာအသက်၏ မိတ်သဟာယ၌ ကျန်ရှိနေရန် လိုအပ်သည် - ၁ယော၊၁း၂-၃၊ ၆-၇။

2. ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏အရာများကို အလေးထားနိုင်မည် - ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ်ထားရှိရမည်ဖြစ်သည် - ရော၊၈း၅-၆။

a. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို အလေးထားဂရုစိုက်ရမည်၊ ကျွန်ုပ်တို့ဝိညာဉ်၏ အာရုံခံစားမှုကို အလေးထားရမည်၊ ယင်းမှာ ဝိညာဉ်တော်ကို ဝမ်းနည်းခြင်းမရှိစေရန်နှင့် ဝိညာဉ်တော်ကို မငြိမ်းသွားစေရန်အလို့ငှာ ဖြစ်သည် - မာလ၊၂း၁၅-၁၆။ ဧ၊၄း၃၀။ ၁သက်၊၅း၁၉။

b. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်နှင့်အသက်ဖြစ်သော ဘုရားသခင်၏စကားတော်များအပေါ်တင်ထားခြင်းအားဖြင့် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ် တင်ထားနိုင်ပေသည် - ယော၊၆း၆၃။ ဟေရှာ၊၅၅း၈-၁၁။

c. ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ် တင်ထားခြင်း၊ ဝိညာဉ်တော်၏အရာများကို အလေးထားခြင်းသည် ခရစ်တော်ယေရှု၏ အတွင်းအစိတ်အပိုင်းများ၌ သန့်ရှင်းသူများအားလုံးနှင့်အတူ အသင်းတော်ကို ဂရုစိုက်ရန် သခင်ဘုရားနှင့်အတူ တစ်လုံးတစ်ဝဖြစ်ခြင်းလည်း ဖြစ်သည် - ဖိ၊၂း၂၊ ၁း၈။

3. ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏ အကျင့်များကို သေစေနိုင်ကြသည် - ရော၊၈း၁၃။ ဇာ၊၄း၆။ ဂလ၊၅း၁၆။
   a. ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ကျွန်ုပ်တို့အတွင်းဖြစ်ခြင်း၌ ကိန်းဝပ်ရန်နှင့် အခြေချနေထိုင်ရန် အခွင့်ပေးရမည်ဖြစ်သည် - ရော၊၈း၉၊ ၁၁။
   b. ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၌ ကျန်ရှိနေရန်လိုအပ်သည်၊ ယင်းမှာ ငြိမ်သက်ခြင်း၏ဘုရားသခင်က စာတန်ကို ကျွန်ုပ်တို့၏ခြေအောက်တွင် နင်းချေရာနေရာဖြစ်သည် - ၁၆း၂၀။ ၁၂း၁-၂၊ ၁၁။

4. ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏သားများအဖြစ် ဦးဆောင်ခြင်းခံရနိုင်ကြသည် - ၈း၁၄။
   a. ဝိညာဉ်တော်အားဖြင့် ဦးဆောင်ခံရခြင်းမှာ အတွင်းပိုင်းဘိသိက်ပေးခြင်း၊ ကိန်းဝပ်နေသော ပေါင်းစပ်ထားသည့် ဝိညာဉ်တော်၏ လှုပ်ရှားခြင်းနှင့် လုပ်ဆောင်ခြင်းကို ဂရုစိုက်ခြင်းဖြစ်သည် - ၁ယော၊၂း၂၀၊ ၂၇။
   b. ဝိညာဉ်တော်အားဖြင့် ဦးဆောင်ခံရခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ နားခိုခြင်း၊ ခရစ်တော်၏ အောင်နိုင်သော စီတန်းလှည့်လည်ခြင်း၌ သုံ့ပန်းအဖြစ် ဦးဆောင်ခံရခြင်းကို ဂရုစိုက်ခြင်းဖြစ်သည် - ၂ကော၊၂း၁၂-၁၄။ ၇း၅-၆။

5. ကျွန်ုပ်တို့သည် ခမည်းတော်ထံ သားဖြစ်ခြင်း၏ဝိညာဉ်၌ ဟစ်ခေါ်ခြင်းရှိနိုင်ကြသည် - ရော၊၈း၁၅။ ဂလ၊၄း၆။
   a. ကျွန်ုပ်တို့က "အဗ္ဗ၊ အဖ"ဟုခေါ်သောအခါ (ရော၊၈း၁၅)၊ "ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများ ဖြစ်ကြသည်ဟု ဝိညာဉ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏" (အငယ်၊၁၆)။
   b. "အဗ္ဗ၊ အဖ"ဟု ခေါ်ဆိုခြင်းမှာ ကျွန်ုပ်တို့၏ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ရင်းနှီးကျွမ်းဝင်သော ဆက်နွယ်မှု၏ ချိုမြိန်မှုကို ဖော်ပြနေသည် - ညွှန်း၊ မ၊၁၈း၃။

6. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာရွေးနုတ်ခြင်း တည်းဟူသော ကျွန်ုပ်တို့၏အပြည့်အဝ သားဖြစ်ခြင်းအရာအတွက် ကြားခံတောင်းလျှောက်ပေးသော ဝိညာဉ်တော်၌ ညည်းတွားခြင်းပြုနိုင်ကြသည် - ရော၊၈း၂၃၊ ၂၆-၂၇။
   a. ကျွန်ုပ်တို့၏ညည်းတွားခြင်း၌ ဝိညာဉ်တော်သည်လည်း ညည်းတွားနေကာ၊ ကျွန်ုပ်တို့အတွက် ကြားခံတောင်းလျှောက်ပေးသည်။
   b. ကြားခံတောင်းလျှောက်ပေးသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက် ဆုတောင်းခြင်းပြုနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင့်သားဦးအဖြစ် ခရစ်တော်၏ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီနိုင်မည်ဖြစ်သည် - အငယ်၊၂၈-၂၉။

## II. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့အား သာ၍အောင်နိုင်သူများဖြစ်စေသောအရှင်အဖြစ် တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားခြင်း ရှိနိုင်ကြသည် - အငယ်၊၃၇။

A. ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချစ်နိုင်ပြီး၊ အရာခပ်သိမ်း၌ သာ၍အောင်နိုင်ခြင်းရှိရန် ခရစ်တော်၏ ချစ်ခြင်းမေတ္တာဖြင့် အနိုင်အထက်သွေးဆောင်ခြင်း၊ ကန့်သတ်ခြင်း၊ နှိုးဆော်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ လှုံ့ဆော်ခြင်းနှင့် တွန်းပို့ခြင်း ခံရနိုင်ကြသည် - အငယ်၊၃၁-၃၉။

1. ဘုရားသခင်ကို ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၌ပါဝင်သော ကြွယ်ဝခြင်းများအားလုံးတွင် ပါဝင်ဆက်ဆံကြသည် - ၁ကော၊၂း၉-၁၀။ ညွှန်း၊ ၂တိ၊၃း၂-၄။

2. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သန့်ရှင်းသူများကို ကျွန်ုပ်တို့၏ချစ်ခြင်းဖြစ်သည့် ခရစ်တော်ဖြင့် ချစ်ရန် ခရစ်တော်၏ ချစ်ခြင်းမေတ္တာအားဖြင့် အနိုင်အထက်သွေးဆောင်ခံရန် လိုအပ်သည် - ၂ကော၊၅း၁၄။

B. "ဘုရားသခင်သည် ငါတို့အတွက် ဖြစ်တော်မူလျှင်၊ အဘယ်သူသည် ငါတို့ကို ဆန့်ကျင်နိုင်မည်နည်း" - ရော၊၈း၃၁။ ယေ၊၃၁း၃၁-၃၄။ ဟေဗြဲ၊၈း၈-၁၀။

1. "သူတို့ကို မစွန့်ပစ်ဘဲ အစဉ်ကျေးဇူးပြုခြင်းငှာ၊ သူတို့နှင့်အတူ ထာဝရပဋိညာဉ်ကို ငါပြုမည်။ သူတို့သည်လည်း ငါ့ထံမှ မထွက်မသွားမည်အကြောင်း၊ ငါ့ကို ကြောက်ရွံ့သောသဘောကို သူတို့စိတ်နှလုံးများအထဲသို့ ငါထည့်ပေးမည်။ သူတို့အား ကျေးဇူးပြုခြင်းအမှု၌ ငါသည် အားရဝမ်းမြောက်၍၊ ငါ့စိတ်နှလုံးတော်ရှိသမျှနှင့် စိတ်တော်အကြွင်းမဲ့ဖြင့် သစ္စာစောင့်လျက် သူတို့ကို ဤပြည်၌ ဆက်ဆက် နေရာချမည်" - ယေ၊၃၂း၄၀-၄၁။
2. ဤထာဝရပဋိညာဉ်သည် အသစ်သောပဋိညာဉ်ဖြစ်သည်။ ဤပဋိညာဉ်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှ ထွက်သွားမည်မဟုတ်သလို၊ ကျွန်ုပ်တို့၏ကောင်းသောမြေဖြစ်သည့် ခရစ်တော်၌ ကျွန်ုပ်တို့ကို စိုက်ပျိုးထားမည်ဖြစ်ပြီး၊ ကိုယ်တော်၏သွင်ပြင်များအားလုံး၌ ခရစ်တော်ကို ကျွန်ုပ်တို့က ဝယ်ယူလိမ့်မည်၊ ယင်းမှာ ကျွန်ုပ်တို့သည် ဖြစ်ခဲ့ပြီးသောအရာများကို မေ့ပစ်ပြီး ခရစ်တော်ကို ရှာဖွေဆည်းပူးခြင်းငှာ အဖိုးအခပေးခြင်းအားဖြင့် ကျွန်ုပ်တို့ရရှိကြလိမ့်မည်ဖြစ်သည် - အငယ်၊၄၀-၄၄။ ဖိ၊၃း၈-၁၄။

C. ဘုရားသခင်သည် ခရစ်တော်နှင့်အတူ အရာများအားလုံးကို ကျွန်ုပ်တို့အား အခမဲ့ပေးတော်မူသည်။ အရာခပ်သိမ်း၊ လူအယောက်တိုင်းနှင့် အခြေအနေတိုင်းသည် ကျွန်ုပ်တို့၏ စုံလင်ခံရခြင်းအတွက် ကိုယ်တော်ကိုချစ်သော ကျွန်ုပ်တို့၏ ပိုင်ဆိုင်ရာဖြစ်ကြသည် - ရော၊၈း၂၈၊ ၃၂။ ၁ကော၊၃း၂၁-၂၂။

D. ကျွန်ုပ်တို့အတွက် အသေခံတော်မူ၍ထမြောက်ခဲ့ပြီဖြစ်သော ခရစ်တော်သည် ဘုရားသခင်၏လက်ယာတော်ဘက်၌ ကျွန်ုပ်တို့အတွက် ကြားခံတောင်းလျှောက်လျက် ရှိနေသည် - ရော၊၈း၃၄။

1. အပိုဒ်ငယ် ၃၄ တွင် ခရစ်တော်သည် ဘုရားသခင်၏လက်ယာတော်ဘက်၌ ရှိသည်၊ သို့သော် အပိုဒ်ငယ် ၁၀ တွင် ယခု ခရစ်တော်သည် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိကြောင်း ဖော်ပြထားသည် - ၂တိ၊၄း၂၂။ ညွှန်း၊ ယော၊၁း၅၁။ က၊၂၈း၁၁-၂၂
2. ရောမ ၈း၃၄ တွင် ခရစ်တော်က ကျွန်ုပ်တို့အဖို့ ကြားခံတောင်းလျှောက်ပေးခြင်း ဖြစ်သည်၊ သို့သော် အပိုဒ်ငယ် ၂၆ တွင် ဝိညာဉ်တော်က ကျွန်ုပ်တို့အတွက် ကြားခံတောင်းလျှောက်ပေးခြင်းဖြစ်သည်။
   a. ဤသည်မှာ ကြားခံတောင်းလျှောက်သူ နှစ်ဦးမဟုတ်ဘဲ သခင်ဘုရားဝိညာဉ်တော် တစ်ပါးတည်းဖြစ်သည် - ၂ကော၊၃း၁၈။
   b. ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အစွန်းနှစ်ဖက်တွင် ကြားခံတောင်းလျှောက်ပေးနေသည်၊ အစွန်းတစ်ဖက်တွင် ကျွန်ုပ်တို့၌ရှိသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက် ကြားခံတောင်းလျှောက်ခြင်းကို အစပြုခြင်း ဖြစ်နိုင်ပြီး၊ အခြားအစွန်းတစ်ဖက်တွင် ဘုရားသခင်၏လက်ယာတော်ဘက်မှ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကြားခံတောင်းလျှောက်ခြင်းကို ပြည့်စုံစေခြင်းဖြစ်နိုင်သည်၊ ယင်းသည် ကိုယ်တော်၏ပုသဏ္ဌာန်တော်သို့ သဏ္ဌာန်တူလာရန်နှင့် ကိုယ်တော်၏ဘုန်းတော်အထဲသို့ ခေါ်ဆောင်ခံရရန် အဓိက ဖြစ်ပေလိမ့်မည်။

E. မည်သည့် ဒုက္ခဆင်းရဲခြင်း၊ ဘေးဒုက္ခ၊ ဝေဒနာခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အစာငတ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ အန္တရာယ်ကျရောက်ခြင်း၊ ဓားဘေးရောက်ခြင်း တစ်ခုကမျှ ကျွန်ုပ်တို့ကို ခရစ်တော်၏ ချစ်ခြင်းမေတ္တာမှ မခွဲခြားစေသင့်ပါ - ရော၊၈း၃၅။

F. ဒုက္ခဆင်းရဲခံခြင်းအားလုံး၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကို ချစ်တော်မူသောခရစ်တော်ဖြင့် သာ၍ အောင်နိုင်ခြင်း ရှိကြသည် - အငယ်၊၃၇။

1. ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏ မပြောင်းလဲသော မေတ္တာတော်ကြောင့်လည်းကောင်း၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်စား အရာခပ်သိမ်းကို ပြီးပြည့်စုံပြီးသောအချက်ကြောင့်လည်းကောင်း မည်သည့် ဘေးဒုက္ခဖြစ်စေ၊ ညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်စေ ကျွန်ုပ်တို့ကို မဖိနှိပ်နိုင်ပါ သို့မဟုတ် အနိုင်မယူနိုင်ပါ။ ထိုအစား ဤအရာများအားလုံး၌ ကျွန်ုပ်တို့ကို ချစ်တော်မူသောအရှင်ဖြင့် ကျွန်ုပ်တို့သည် သာ၍ အောင်နိုင်ခြင်းရှိကြသည်။

2. ဘုရားသခင်၏မေတ္တာတော်သည် ကိုယ်တော်၏ထာဝရကယ်တင်ခြင်း အရင်းအမြစ် ဖြစ်သည်။ မည်သည့်အရာကမျှ ကျွန်ုပ်တို့ကို ခွဲခြားစေခြင်းမပြုနိုင်သော ဤချစ်ခြင်းမေတ္တာသည် ခရစ်တော်၌ရှိ၍၊ သန့်ရှင်းသောဝိညာဉ်တော်မှတစ်ဆင့် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သွန်းလောင်းခဲ့ပြီးဖြစ်သည် - အငယ်၊၃၈-၃၉။ ၅း၅။ ယေ၊၃း၃။
3. ဘုရားသခင်၏ကယ်တင်ခြင်း၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြစ်လာခဲ့သည်၊ ၎င်းသည် ကျွန်ုပ်တို့၌ ဘုရားသခင်၏ပြည့်စုံသော ကယ်တင်ခြင်း ပြီးပြည့်စုံသည့်တိုင်အောင် ခရစ်တော်၏ကျေးဇူးတော်မှတစ်ဆင့် ကျွန်ုပ်တို့အဖို့ အံ့သြဖွယ်အရာများစွာကို ပြုတော်မူသည် - ရော၊၈း၃၅။ ဟော၊၁၁း၄။
4. ဤအံ့သြဖွယ်အရာများက ဘုရားသခင်၏ရန်သူအား ကပ်ဘေးဆိုးအမျိုးမျိုးဖြင့် ကျွန်ုပ်တို့ကို တိုက်ခိုက်ဖို့ ဖြစ်စေခဲ့သော်လည်း၊ ကျွန်ုပ်တို့က ခရစ်တော်၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာထံသို့ တုန့်ပြန်မှုကြောင့် ဤတိုက်ခိုက်မှုများသည် ကျွန်ုပ်တို့ထံသို့ အကျိုးအမြတ်များ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဖိစီးနှိပ်စက်ခံရခြင်းများနှင့် ဘေးဒုက္ခများအားလုံး၌ ကျွန်ုပ်တို့သည် သာ၍ အောင်နိုင်ခြင်း ရှိကြသည် - ရော၊၈း၃၅-၃၇၊ ၂၈။

*© 2024 Living Stream Ministry*